The Mon Forum
HUMAN RIGHTS NEWSLETTER

အတွဲ(၉) ၊ အမှတ်(၆) ၊ ဇွန်လ ၃၀ ၊ ၂၀၂၄

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# ထားဝယ်ခရိုင်မွန်ပြည်သစ်ပါတီထိန်းချုပ်နယ်မြေမှ ဒေသခံ (၃,၀၀၀) ကျော် စစ်ဘေးရှောင်နေရ



စာမျက်နှာ (၄) သို့

INSIDE

ထားဝယ်တွင် စာသင်ကျောင်းဝင်းအတွင်း ပေါက်ကွဲမှုကြောင့် ကျောင်းသား (၁) ဦး သေဆုံး၊ (၂၆) ဦး ထိခိုက် — စာမျက်နှာ (၈) သို့

ကျိုက်ထိုတွင် ဒေသခံ (၁၀) ဦးထက်မနည်း ဖမ်းဆီးခံရ — စာမျက်နှာ (၁၀) သို့

၂၀၂၄ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ(၆) လအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း — စာမျက်နှာ (၁၃) သို့

ရေဖြူတွင် စစ်တပ်က နေအိမ် (၄၀) ကျော်ကို မီးရှို့ဖျက်ဆီးပြီး အရပ်သား (၂၀) ကျော်ကို ဖမ်းဆီး — စာမျက်နှာ (၁၅) သို့

တတိယအကြိမ်စစ်သင်တန်းအတွက် လူငယ် (၁၆၀) ကျော်ကို စစ်သင်တန်းကျောင်းပို့ဆောင် — စာမျက်နှာ (၁၈) သို့

HUMAN RIGHTS FOUNDATION OF MONLAND (HURFOM)
www.rehmonnya.org

## စစ်ကောင်စီက VPN အသုံးပြုမှုကို ပိတ်ပင်လိုက်သဖြင့် လူမှုကွန်ရက်ပလက်ဖောင်းများ အသုံးပြုနိုင်ရန် ခက်ခဲလာ




ဇွန် ၅၊ ၂၀၂၄

မအောင်မြင်သည့်အာဏာသိမ်းမှု စတင်ခဲ့သည့် ၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ စစ်ကောင်စီသည် ပြည်သူများ လွတ်လပ်စွာ သတင်းရပိုင်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ပိတ်ပင်လာခဲ့သည်။ လူမှုကွန်ရက်အသုံးပြုမှုကို ပိတ်ပင်ခဲ့ပြီး ပြည်သူများအကြား သတင်းစီးဆင်းမှုကို နှောင့်ယှက်ဟန့်တားခဲ့သည်။

စာမျက်နှာ (၅) သို့

# အကြပ်တည်းဆုံးကာလနှင့်ရင်ဆိုင်နေရသည့်ပြည်သူများကို ငွေညှစ်နေသည့် စစ်ကောင်စီ

## (၂၀၂၄ ဇွန်လအတွက် အယ်ဒီတာ့အာဘော်)

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်လူထုအသံစာစဉ် အတွဲ (၉) အမှတ် (၆) ကို ထုတ်ဝေလိုက်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတောင်ပိုင်း မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသများတွင် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ကောက်ခံ စုဆောင်းပြီး အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာများမှတဆင့် ပြည်သူလူထု ကို တင်ပြလျက်ရှိသည်။ ၎င်းပြင် မွန်လူထုအသံစာစဉ်ကိုလည်း တစ်လတစ်ကြိမ် ထုတ်ဝေ လျက်ရှိသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် တစ်လလျှင် လူ့အခွင့်အရေးချိုးဖောက်မှု သတင်းပေါင်း (၄၀) မှ (၅၀) ကျော်ကြားအထိ ပြည်သူလူထုကို ပုံမှန်တင်ပြလျက်ရှိပြီး ၂၀၂၄ ဇွန်လတွင်လည်း မြို့နယ် (၁၄) မြို့နယ်မှ လူ့အခွင့်အရေးချိုးဖောက်မှုသတင်း အပုဒ် (၄၀) ကျော်ကို ပြည်သူများထံသို့ အသိပေးတင်ပြခဲ့သည်။ သတင်းပုဒ်ရေနှင့် မြို့နယ်အရေအတွက် ကို ကြည့်ခြင်းအားဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်မြင့်မားနေဆဲဖြစ်ကြောင်း သိရသည်။

တစ်လအတွင်း စစ်ကောင်စီတပ်ဖွဲ့ဝင်များက **မတရားဖမ်းဆီးသတ်ဖြတ်မှုပေါင်း (၃၀) နီးပါး** ကို ကျူးလွန်ခဲ့ပြီး ညှဉ်းပန်းနှိပ်စက်မှုများကိုလည်း ပြုလုပ်ခဲ့သည်။ ထားဝယ်ခရိုင်မွန်ပြည် သစ်ပါတီထိန်းချုပ်ဒေသ ရေဖြူမြို့နယ်တွင် **နေအိမ်အလုံး (၄၀)** ကို အစုလိုက်အပြုံလိုက် မီးရှို့ဖျက်ဆီးခဲ့သည်။

အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရမှုများ ဆက်လက်ဖြစ်ပွားနေပြီး အထူးသဖြင့် ရေဖြူမြို့နယ် ထားဝယ်ခရိုင်မွန်ပြည်သစ်ပါတီထိန်းချုပ်နယ်မြေရှိ ကျေးရွာ (၉) ရွာကို စစ်ကောင်စီက ပစ်မှတ်ထားတိုက်ခိုက်နေသဖြင့် **ဒေသခံပြည်သူ (၃,၆၀၀)** ကျော်သည် ထိုင်း - မြန်မာနယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်နေရသည်။

အာဏာသိမ်းမှုကြောင့် အကြပ်တည်းဆုံးဖြစ်နေသည့်ပြည်သူများကို စစ်ကောင်စီတပ်ဖွဲ့ဝင် နှင့် အာဏာပိုင်များက ငွေညှစ်နေသည်။ ပြီးခဲ့သည့်လတွင် ငွေကြေးအဓမ္မကောက်ခံမှု (၉) မှု ကောက်ခံရရှိခဲ့သကဲ့သို့ ယခုလတွင်လည်း **(၈) မှု** ရှိသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေကို အကြောင်းပြု၍ ငွေကြေးကောက်ခံမှု အများဆုံးဖြစ်ပြီး ကျောင်းဖွင့်ရာသီဖြစ်သဖြင့် ကျောင်း အာဏာပိုင်များက ငွေကြေးအဓမ္မတောင်းခံခြင်းနှင့် တံစိုးလက်ဆောင်ရယူခြင်းများ ပြုလုပ်ခဲ့ သည်ကို တွေ့ရသည်။

**30**

မတရားဖမ်းဆီး သတ်ဖြတ်မှုပေါင်း

**40**

ပြည်သူများ၏ အိုးအိမ် စည်းစိမ်ဖျက်စီးမှုပေါင်း

**8**

ငွေကြေးအဓမ္မ ကောက်ခံမှု

**3600+**

ရေဖြူမြို့နယ် စစ်ဘေးရှောင် ပြည်သူ ဦးရေ

ၵင်းပြင် လူမှုကွန်ရက်သုံးစွဲမှုကို အပြင်းအထန်ပိတ်ပင်နေသည့် စစ်ကောင်စီ၏လုပ်ရပ်အပေါ် အခွင့်ကောင်းယူပြီး ၎င်းတို့၏တပ်ဖွဲ့ဝင်များက လမ်းသွားလမ်းလာပြည်သူများ၏ လက်ကိုင်ဖုန်းကို အဓမ္မတောင်းယူကာ VPN ထည့်သွင်းအသုံးပြုထားမှုရှိမရှိ စစ်ဆေးလျက်ရှိသည်။

လက်ကိုင်ဖုန်းတွင် VPN ထည့်သွင်းအသုံးပြုထားခြင်းကို တွေ့ရှိပါက ခြိမ်းခြောက်ဖမ်းဆီးသည့်အပြင် ငွေကြေးအဓမ္မတောင်းခံလျက်ရှိသည်။ VPN ထည့်သွင်းသုံးစွဲမှုကြောင့် ငွေကျပ် (၃) သိန်းအထိ ပေးဆောင်ခဲ့ရသည့်ဖြစ်စဉ်များလည်း ရှိသည်။

ကျိုက်မရောမြို့နယ် ဂျိုင်းမြစ်ဒေသရှိ ကျေးရွာများတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များ ဝင်ရောက်တပ်စွဲနေထိုင်နေကြပြီး ၎င်းစစ်သားများက ဒေသခံအမျိုးသမီးများအပေါ် လိင်အကြမ်းဖက်မှု ကျူးလွန်နေကြောင်း သိရသည်။ အမျိုးသမီး အနည်းဆုံး (၅) ဦးသည် လိင်အကြမ်းဖက်ခံခဲ့ရပြီး စစ်ကောင်စီတပ်သားများ၏ ခြိမ်းခြောက်မှုကြောင့် အဖြစ်မှန်ကို ထုတ်ဖော်ပြောဆိုဝံ့ခြင်းမရှိကြောင်း မြေပြင်သတင်းရင်းမြစ်ထံမှ သိရသည်။

ရခိုင်ပြည်နယ်တွင် တိုက်ပွဲများ ပြင်းထန်နေသည့်အပြင် ယခုရက်ပိုင်းတွင် ရှမ်းပြည်နယ်မြောက်ပိုင်း၌လည်း တိုက်ပွဲများ ပြန်လည်စတင်ခဲ့ပြန်သည်။ အလားတူ တနင်္သာရီတောင်ပိုင်းဒေသတွင်လည်း တိုက်ပွဲများ ဖြစ်ပွားနေပြီး စစ်ကောင်စီက ၎င်းတို့၏စစ်စခန်းများကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

စစ်ကောင်စီသည် စစ်မျက်နှာအားလုံးတွင် အဖက်ဖက်က ကျရှုံးနေသော်လည်း ပြည်သူများအပေါ် များကို လျှော့ချခဲ့ခြင်း မရှိချေ။ ရွှေလုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များနှင့် နိုင်ငံခြားငွေလဲလှယ်သူများကို လိုက်လံဖမ်းဆီးနေသဖြင့် ဈေးကွက်ပျက်ကာ ကုန်ဈေးနှုန်းများလည်း ကမောက်ကမဖြစ်နေသည်။ တိုက်ပွဲများကြောင့်အပြင် ရာသီဥတုကြောင့် ကုန်သွယ်ရေးလမ်းကြောင်းများ ပိတ်ပင်ပျက်စီးနေသဖြင့် သွင်းကုန်ပစ္စည်းများ ဈေးနှုန်းအလွန်အမင်းမြင့်တက်လျက်ရှိသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းနှင့် သတင်းထုတ်ပြန်ခြင်း မှတဆင့် စစ်တပ်က ၎င်းတို့ကျူးလွန်ထားသည့်လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရ နေသည့်အလေ့အထကို ချိုးဖျက်ရပ်တန့်ရန်လည်းကောင်း၊ မြန်မာနိုင်ငံတွင် စစ်မှန်သောငြိမ်းချမ်းရေးရရှိရန်နှင့် စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီစနစ်ပေါ်ထွန်းရန်လည်းကောင်း ရည်ရွယ်ပါသည်။

အယ်ဒီတာအဖွဲ့
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
၂၀၂၄ ဇွန်လ



စာမျက်နှာ (၁) အဆက်

# ထားဝယ်ခရိုင်မွန်ပြည်သစ်ပါတီထိန်းချုပ်နယ်မြေမှ ဒေသခံ (၃,၀၀၀) ကျော် စစ်ဘေးရှောင်နေရ

**ဇွန် ၂၆၊ ၂၀၂၄**

၂၀၂၄ ဇွန်လ (၁၉) ရက်နေ့မှစ၍ မောရဝတီရေတပ်စခန်းက လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း၊ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်ခြင်းနှင့် စစ်ကြောင်းထိုးဝင်ရောက်ခြင်းတို့ကြောင့် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ထားဝယ်ခရိုင်မွန်ပြည်သစ်ပါတီထိန်းချုပ်ထားသည့် ကျေးရွာ (၉) ရွာမှ ဒေသခံပြည်သူအယောက် (၃,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရကြောင်း သိရသည်။



မရှေ့ချိုင်း၊ ပနန်းပုံ၊ လှည်းဂိတ်၊ သံချောင်း၊ မျောက်ချော၊ နဂါးနိုင်၊ ကျောင်းဒိန်၊ ကရုန်းပိုင်နှင့် မိပ်ဇိပ်ကျေးရွာများမှ ဒေသခံပြည်သူ (၃,၆၆၈) ဦးသည် ဘေးလွတ်ရာသို့ စစ်ဘေးရှောင်နေရသည်။

**"ထိုင်း-မြန်မာနယ်စပ်ဖြစ်တဲ့ "ဝင်ဇရီ"ဘက်ကို ထွက်ပြေးလာတာ။ သူတို့ကိုတော့ ဒီနေ့ (ဇွန်လ (၂၆) ရက်နေ့) မှာ မော်လမြိုင်ခရိုင်မွန်ပြည်သစ်ပါတီထိန်းချုပ်နယ်မြေဖြစ်တဲ့ ကလော့ဂနီကျေးရွာဘက်ကို ပြောင်းထားပြီးပြီ"** ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

သို့သော် ကလော့ဂနီကျေးရွာတွင် စစ်ဘေးရှောင်ပြည်သူ (၂၀၀) ဦးသာ ရှိပြီး တခြားစစ်ဘေးရှောင်များသည် နီးစပ်ရာဘုန်းတော်ကြီးကျောင်း၊ တောတောင်နှင့် ဥယျာဉ်ခြံများတွင် တိမ်းရှောင်နေကြရသည်။

ဘုန်းတော်ကြီးကျောင်းတွင် စစ်ရှောင်နေသည့်ပြည်သူများကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ခြိမ်းခြောက်ခြင်း၊ ရိုက်နှက်ခြင်းများ ပြုလုပ်နေသည့်အပြင် မရှေ့ချိုင်းကျေးရွာမှ ဒေသခံ (၅) ဦးကိုလည်း ဖမ်းဆီးထားသည်။

**"(၅) ရက်နဲ့ (၄) ည လမ်းလျှောက်ပြီးတော့ ထိုင်း-မြန်မာနယ်စပ်ကို ရောက်လာတယ်။ ဘာမှကြိုတင်ပြင်ဆင်မထားတော့ အခုမိုးရာသီမှာ ပိုအခက်အခဲဖြစ်တယ်။ ရွာမှာလည်း လူအယောက် (၅၀) လောက် ကျန်နေသေးတယ်။ သူတို့ကို စစ်ကောင်စီက လုံးဝ ပေးမထွက်ဘဲ ပိတ်ထားတယ်"** စစ်ဘေးရှောင်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ဇွန်လ (၂၀) ရက်နေ့တွင်လည်း ထားဝယ်ခရိုင်မွန်ပြည်သစ်ပါတီထိန်းချုပ်ဒေသ မျောက်ချောကျေးရွာမှ နေအိမ်အလုံး (၄၀) ကျော်ကို စစ်ကောင်စီတပ်က မီးရှို့ဖျက်ဆီးခဲ့သည်။

# စစ်ကောင်စီက VPN အသုံးပြုမှုကို ပိတ်ပင်လိုက်သဖြင့် လူမှုကွန်ရက်ပလက်ဖောင်းများ အသုံးပြုနိုင်ရန် ခက်ခဲလာ




**ဇွန် ၅၊ ၂၀၂၄**

မအောင်မြင်သည့်အာဏာသိမ်းမှု စတင်ခဲ့သည့် ၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ စစ်ကောင်စီသည် ပြည်သူများ လွတ်လပ်စွာ သတင်းရပိုင်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ပိတ်ပင်လာခဲ့သည်။ လူမှုကွန်ရက်အသုံးပြုမှုကို ပိတ်ပင်ခဲ့ပြီး ပြည်သူများအကြား သတင်းစီးဆင်းမှုကို နှောင့်ယှက်ဟန့်တားခဲ့သည်။

ပြည်သူများမှာ Facebook၊ Instagram၊ YouTube စသည့် လူမှုကွန်ရက်များကို အသုံးပြုနိုင်ရန်အတွက် VPN (Virtual Private Network) ခေါ် ကြားခံပလက်ဖောင်းတစ်မျိုးမျိုးကို သုံးစွဲနေရသည်။

၂၀၂၄ မေလ (၂၉) ရက်နေ့တွင်မှ VPN အသုံးပြုမှုကို တားဆီးပိတ်ပင်လိုက်ကြောင်း စစ်ကောင်စီက ကြေညာခဲ့သည်။ ရွှေဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းများကို လူမှုကွန်ရက်များမှတဆင့် မမှန်မကန်သတင်းထုတ်လွှင့်နေသဖြင့် ထိုသို့လုပ်ဆောင်ခြင်းဖြစ်ကြောင်း စစ်ကောင်စီက အကြောင်းပြသည်။

ထိုသို့ထုတ်ပြန်ပြီး နောက်တစ်နေ့ဖြစ်သည့် မေလ (၃၀) ရက်နေ့တွင် ပြည်သူများသည် Facebook၊ Instagram၊ YouTube စသည့် လူမှုကွန်ရက်များကို အသုံးပြုနိုင်ရန် ခက်ခဲလာကြသည်။

"စစဖြစ်(အာဏာသိမ်း)တုန်းကလိုပဲ ရှိရှိသမျှ VPN တွေ ဘာတစ်ခုမှ သုံးမရဘူး။ လူတွေ အဓိကသုံးနေတဲ့ VPN တွေ တစ်ခုမှမရတော့ဘူး။ ရတဲ့လူကလည်း နာရီဝက်လောက်ပဲ ရတယ်" ဟု လူငယ်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံရှိ သတင်းမီဒီယာများကို စစ်ကောင်စီက ထိန်းချုပ်ထားသဖြင့် ပြည်သူများသည် သတင်းရပိုင်ခွင့်အတွက် လူမှုကွန်ရက်များကိုသာ အဓိက အားထားနေရသည်။

၎င်းပြင် VPN ကို ပိတ်ပင်လိုက်ခြင်းကြောင့် လူမှုကွန်ရက်ပလက်ဖောင်းများမှတဆင့် စီးပွားရေးလုပ်ကိုင်နေသည့် လုပ်ငန်းရှင်များမှာလည်း အခက်တွေ့ခဲ့ပြီး ဖြေရှင်းနိုင်မည့်နည်းလမ်းများကို ကြံဆလျက်ရှိသည်။

VPN ကို ခွင့်ပြုချက်မပါဘဲ အသုံးပြုပါက ထောင်ဒဏ် (၃) နှစ်အထိ ချမှတ်နိုင်ကြောင်း စစ်ကောင်စီက ၂၀၂၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်။

"

"စစဖြစ်(အာဏာသိမ်း)တုန်းကလိုပဲ ရှိရှိသမျှ VPN တွေ ဘာတစ်ခုမှ သုံးမရဘူး။ လူတွေ အဓိကသုံးနေတဲ့ VPN တွေ တစ်ခုမှမရတော့ဘူး။ ရတဲ့လူကလည်း နာရီဝက်လောက်ပဲ ရတယ်"

# တနင်္သာရီတိုင်းတွင် မေလအတွင်း နေရပ်စွန့်ခွာထွက်ပြေး ရသူ (၅၀,၀၀၀) ကျော် ရှိနေ



**ဇွန် ၁၁၊ ၂၀၂၄**

၂၀၂၄ မေလတွင် တနင်္သာရီတိုင်း ထားဝယ်နှင့် မြိတ်ခရိုင်များမှ ဒေသခံပြည်သူအယောက် (၅၀,၀၀၀) ကျော်သည် လက်နက်ကိုင်ပဋိပက္ခ၊ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း သိရသည်။

ထားဝယ်ခရိုင် ထားဝယ်၊ လောင်းလုံး၊ ရေဖြူနှင့် သရက်ချောင်းမြို့နယ်များမှ ဒေသခံပြည်သူ (၃၁,၈၀၀) ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး မြိတ်ခရိုင် ပုလော၊ မြိတ်၊ ကျွန်းစုနှင့် တနင်္သာရီမြို့နယ်များမှ ဒေသခံပြည်သူ (၂၄,၅၀၀) ကျော် အိုးအိမ်စွန့်ခွာခဲ့ရသည်။

**"စစ်ကြောင်းထိုးတာ တိုက်ပွဲဖြစ်တာအပေါ် မူတည်ပြီးတော့ အရေအတွက်အပြောင်းအလဲ ရှိတယ်။ တချို့စစ်ဘေးရှောင်တွေကတော့ နယ်မြေအေးချမ်းရင် ပြန်သွားကြတယ်။ စစ်ရှောင်အရေအတွက်က ကိန်းသေရှိမနေဘူး"** ဟု စစ်ဘေးရှောင်အရေး ကူညီပေးနေသူတစ်ဦးက ပြောသည်။

သရက်ချောင်းနှင့် ဘုတ်ပြင်းမြို့နယ်ရှိ စစ်ကောင်စီတပ်စခန်းများ အသိမ်းပိုက်ခံရပြီးနောက်ပိုင်း စစ်ကောင်စီက အဆိုပါမြို့နယ်များကို လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်မှု အပြင်းအထန်လုပ်ဆောင်နေသည့်အပြင် ပုလောနှင့် တနင်္သာရီမြို့နယ်များတွင်လည်း ရက်ရှည်တိုက်ပွဲများ ဖြစ်ပွားနေသည်။

**"ကျောက်နီမော်ဘက်က စစ်ဘေးရှောင်နှင့် လောင်းလုံးဘက်က နေအိမ်မီးရှို့ခံရတဲ့စစ်ဘေးရှောင်တွေဆိုရင် ပြီးခဲ့တဲ့ဧပြီလကတည်းက (စစ်ရှောင်စခန်းမှာ) ရှိနေတာ"** ဟု ၎င်း ကူညီသူက ဆက်ပြောသည်။

လတ်တလောတွင် ထားဝယ်အရှေ့တောဒေသ၊ သရက်ချောင်း တောင်ပျောက်တိုက်နယ်၊ တနင်္သာရီနှင့် ပုလောမြို့နယ်များတွင် စစ်ကောင်စီက ဆန်၊ ရိက္ခာနှင့် ဆေးဝါး သယ်ယူခွင့်များကို ကန့်သတ်ပိတ်ပင်ထားသည်။

# ကျိုက်ထိုတွင် စစ်ကောင်စီ၏လက်နက်ကြီးကြောင့် သားအဖ (၂) ဦး ဒဏ်ရာရ



**ဇွန် ၁၄၊ ၂၀၂၄**

၂၀၂၄ ဇွန်လ (၁၂) ရက်နေ့တွင် စစ်ကောင်စီ အမြောက်တပ်က မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပိန္နဲကုန်း ကျေးရွာကို လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့ရာ သားအဖ (၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံများနှင့် သထုံခရိုင်ကရင် အမျိုးသားအစည်းအရုံးထံမှ သိရှိရသည်။

ကျိုက်ထိုမြို့နယ် သိမ်ဇရပ်အခြေစိုက် အမှတ် (၃၁၀) အမြောက်တပ်ရင်းက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ပိန္နဲကုန်းကျေးရွာကို လက်နက်ကြီး (၄) လုံး ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးကျည်များသည် လူနေအိမ်အနီးသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အသက် (၆၄) နှစ်အရွယ် ဦးသန်းဦးနှင့် သမီးဖြစ်သူ အသက် (၃၁) နှစ်အရွယ် မရီရီဝင်းတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**"ဒီဘက်ခြမ်းမှာတော့ လက်နက်ကြီးမပစ်တဲ့နေ့ တစ်နေ့မှ မရှိဘူး။ နေ့တိုင်းပစ်နေတာ။ စစ်ရှောင်ပြီး ပြန်လာကြတာ မကြာသေးဘူး။ ရွာသားတွေကတော့ ရှောင်တဲ့သူတွေ ရှောင်ကြတယ်။ တချို့က ဖုံးခိုကျင်းတူးပြီး နေ,နေကြတယ်"** ဟု ပိန္နဲကုန်း ဒေသခံတစ်ဦးက ပြောသည်။

ဇွန်လ (၁၂) ရက်နေ့ မနက်ပိုင်းတွင် စစ်ကွင်းနှင့် အခိုင် ကျေးရွာများကိုလည်း စစ်ကောင်စီက လက်နက်ကြီး (၆) လုံး ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး စစ်ကွင်းကျေးရွာမှ နေအိမ် (၃) လုံး ပျက်စီးခဲ့သည်။

**"သူတို့စခန်းကို တော်လှန်ရေးဘက်က သွားပစ်တာနဲ့ ပြည်သူတွေနေတဲ့ကျေးရွာကို လက်နက်ကြီးနဲ့ ရည်ရွယ်ချက်ရှိရှိ ပြန်ပစ်တာ။ တစ်နေ့က မုပ္ပလင်ဂိတ် အပစ်ခံရလို့ ဒီလိုပြန်ပစ်တာ ဖြစ်မယ်။ ဒီလုပ်ရပ်တွေအတွက် စစ်တပ်က တာဝန်ပြန်ယူရမယ်"** ဟု သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး အတွင်းရေးမှူး ပဒိုစောအေးနိုင်က ပြောသည်။

စစ်ကောင်စီ၏ နေ့စဉ်ရက်ဆက်လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်နေမှုကြောင့် ပိန္နဲကုန်း၊ စစ်ကွင်း၊ သုံးခွ၊ ထင်းတဲနှင့် မုက္ခမော့ကျေးရွာများမှ ဒေသခံပြည်သူ (၃,၀၀၀) နီးပါး နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသည်။

# ထားဝယ်တွင် စာသင်ကျောင်းဝင်းအတွင်း ပေါက်ကွဲမှုကြောင့် ကျောင်းသား (၁) ဦး သေဆုံး၊ (၂၆) ဦး ထိခိုက်



**ဇွန် ၅၊ ၂၀၂၄**

၂၀၂၄ ဇွန်လ (၄) ရက်နေ့တွင် တနင်္သာရီတိုင်း ထားဝယ်မြို့ အိမ်ရှေ့ပြင်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်းတွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ ကျောင်းသား (၁) ဦး သေဆုံးပြီး (၂၅) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အသက် (၉) နှစ်အရွယ် တတိယတန်းကျောင်းသား မောင်ထက်မြတ်အောင်သည် နေ့လည်မုန့်စားဆင်းချိန်တွင် လက်နက်ကြီးဗုံးသီး (၁) လုံးကို ဆော့ကစားရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အခင်းဖြစ်ရာတွင်ပင် ပွဲချင်းပြီးသေဆုံးခဲ့သည်။ ၎င်းပြင် အခြားကျောင်းသား (၁၁) ဦးနှင့် ကျောင်းသူ (၁၅) ဦးတို့လည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**"စာသင်ခန်းအပြင်ဘက်က စကြံနံလမ်းမှာ ဗုံးသီးကို ကောက်ရတာ။ နောက်ထပ်ကျောင်းသူတစ်ဦးလည်း စိုးရိမ်ရတဲ့ အခြေအနေမှာ ရှိတယ်"** ဟု အိမ်ရှေ့ပြင်ရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောသည်။

ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကျောင်းသားကျောင်းသူများကို ထားဝယ်ပြည်သူ့ဆေးရုံကြီးနှင့် စစ်ဘက်ဆေးရုံများတွင် ဆေးကုသမှုပေးလျက်ရှိသည်။

မေလ (၁၃) ရက်နေ့တွင် အိမ်ရှေ့ပြင်စစ်ဆေးရေးဂိတ်တွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး အနီးအနားဝန်းကျင်တွင် မပေါက်ကွဲသေးသည့် စစ်လက်နက်ပစ္စည်းများ ကျန်ရှိနေသည်။ အဆိုပါ လက်နက်ပစ္စည်းများကို မည်သည့်အဖွဲ့ကမျှ လာရောက်ရှင်းလင်းခြင်း မပြုကြောင်းလည်း သိရသည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ၏ ၂၀၂၄ ဧပြီလတွင် ထုတ်ပြန်သည့်အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သည့်စစ်လက်နက်ပစ္စည်းကြောင့် လူပေါင်း (၁,၀၅၂) ဦး ထိခိုက်သေဆုံးခဲ့ကြောင်း သိရသည်။

# ကျိုက်ထိုတွင် PDF ကို ထောက်ပံ့လုပ်သည်ဟု စွပ်စွဲကာ လူမှုကူညီရေးအသင်းဝင်များနှင့် ဒေသခံများကို စစ်ကောင်စီက ဖမ်းဆီး




ဇွန် ၁၉၊ ၂၀၂၄

မွန်ပြည်နယ် ကျိုက်ထိုမြို့ ကော့စနိုင်ရပ်ကွက်မှ ကော့စနိုင် လူမှုကူညီရေးအသင်းဝင် (၄) ဦးနှင့် ဒေသခံလူငယ် (၄) ဦးတို့ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို ကူညီထောက်ပံ့နေသည်ဟု စွပ်စွဲကာ စစ်ကောင်စီက ဖမ်းဆီးလိုက်ကြောင်း သိရသည်။

ဇွန်လ (၁၃) ရက်နေ့ ည (၇) နာရီအချိန်ခန့်တွင် အသင်းဝင်ဖြစ်သူ ဦးမြအောင်ကို ကော့စနိုင်ရပ်ကွက်တွင် ပိတ်ဆို့ဖမ်းဆီးခဲ့သည်။ ၎င်းနောက် သမီးဖြစ်သူ မချစ်စုရတနာနှင့် လုပ်ဖော်ကိုင်ဖက်များဖြစ်သူ ဦးစိုးလှိုင်နှင့် ကိုချမ်းသာအောင်တို့ကို ၎င်းတို့၏နေအိမ်အသီးသီးတွင် ဝင်ရောက်ဖမ်းဆီးခဲ့ပြန်သည်။

**"PDF ကို ထောက်ပံ့လုပ်တယ်ဆိုတဲ့စွဲချက်နဲ့ ဖမ်းသွားတယ်လို့ သိရတယ်။ မိသားစုဘက်က သွားတွေ့တာလည်း အတွေ့မခံဘူး။ ဘယ်မှာ ထိန်းသိမ်းထားလဲဆိုတာ ဘယ်သူမှ မသိကြဘူး။ သူတို့ မိသားစုတွေကတော့ စိုးရိမ်နေကြတာပေါ့"** ဟု ကော့စနိုင်ရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောသည်။

ဇွန်လ (၁၄) ရက်နေ့တွင်လည်း ကျိုက်ထိုမြို့ မြောက်ပိုင်းနှင့် တောင်ပိုင်းရပ်ကွက်များမှ ဒေသခံလူငယ် (၄) ဦးကိုလည်း အလားတူ စွပ်စွဲချက်ဖြင့် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ဖမ်းဆီးသွားသူများကို ကျိုက်ထိုမြို့မရဲစခန်းနှင့် ကျိုက်ထို အခြေစိုက် တပ်မ (၄၄) စစ်ဌာနချုပ် စစ်ကြောရေးစခန်းတွင် ထိန်းသိမ်းထားပြီး စစ်ဆေးမေးမြန်းမှုလုပ်ဆောင်နေကြောင်း သိရသည်။

**"သူတို့အတွက် ထမင်းတို့ အင်္ကျီတို့ သွားပို့တာ လက်မခံဘူး။ လောလောဆယ်တော့ အရေးပေါ် ကူညီကယ်ရေးလုပ်ငန်းတွေ ရပ်နားထားတယ်။ ရပ်ကွက်ထဲက နာရေးလောက်ပဲ ကူပေးနိုင်တော့တယ်"** ဟု အမည်မဖော်လိုသူ ကော့စနိုင်လူမှုကူညီရေးအသင်းဝင် တစ်ဦးက ပြောသည်။

၂၀၂၄ မေလအတွင်း ကျိုက်ထိုမြို့နယ်တွင် ဖမ်းဆီးခံရသူ အယောက် (၃၀) ခန့်ရှိပြီး ၎င်းတို့အနက် အနည်းအကျဉ်းသာ ငွေကြေးပေးဆောင်ပြီး ပြန်လည်လွတ်မြောက်လာကြောင်း သိရသည်။

# ကျိုက်ထိုတွင် ဒေသခံ (၁၀) ဦးထက်မနည်း ဖမ်းဆီးခံရ




**ဇွန် ၂၊ ၂၀၂၄**

၂၀၂၄ မေလ (၂၄) မှ (၃၁) ရက်နေ့အတွင်း စစ်ကောင်စီက လုံခြုံရေးတင်းကြပ်ထားသည့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ဒေသခံ (၁၀) ဦးထက်မနည်း ဖမ်းဆီးခံခဲ့ရပြီး ဖမ်းဆီးခံရသူများတွင်ပါဝင်သည့် လူငယ်တချို့ အဆက်အသွယ်ပြတ် ပျောက်ဆုံးနေကြောင်း သိရသည်။

စစ်ကောင်စီတပ်က ကျိုက်ထိုမြို့ပေါ်တွင် နေ့ရောညပါ ကင်းလှည့်လည်နေပြီး လမ်းမှာတွေ့သည့်လူငယ်များကို ဖမ်းဆီးနေသည်။ ထွက်ပြေးရန် ကြိုးပမ်းသူများကိုလည်း သေနတ်ဖြင့် ပစ်ခတ်နေသဖြင့် ထိခိုက်သေဆုံးမှုများ ရှိနေသည်။

ဖမ်းဆီးပြီးနောက် လူငယ်များကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ထံ ငွေကြေးထောက်ပံ့သည်ဟု စွပ်စွဲလေ့ရှိသည်။

**“အခုက ကျိုက်ထိုမြို့ပေါ်မှာ အခြေအနေက တော်တော်ဆိုးနေပြီ။ Mask တပ်လို့လည်း မရဘူး။ ဘေးလွယ်အိတ်လွယ်လို့လည်း မရဘူး။ မထင်ရင် မထင်သလို ဖမ်းတာ။ ကျွန်တော်တို့ ရပ်ကွက်ထဲက လူငယ် (၂) ယောက်ဆို (အဖမ်းပြီးတဲ့နောက်) အခုအချိန်အထိ ဘာအဆက်အသွယ်မှ မရဘူး”** ဟု တောင်သူစုရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

ဖမ်းဆီးထားသူများအနက် ကျိုက်ထိုမြို့နယ် မုပွလင်ကျေးရွာမှ ကိုအောင်လှမိုးနှင့် ကော့ထင်းကျေးရွာမှ အသက် (၂၈) နှစ်အရွယ် ကိုတင်နိုင်ဝင်းတို့ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ပတ်သက်သည်ဟုဆိုကာ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မဖြင့် အမှုဖွင့်ထားသည်။

ဖမ်းဆီးထားရသူအများစုသည် မိသားစုဝင်များနှင့် အဆက်အသွယ်မရဘဲ ပျောက်ဆုံးနေသဖြင့် စစ်သင်တန်းကျောင်းသို့ အတင်းအကြပ်ပို့ဆောင်ခံရခြင်း ဖြစ်နိုင်ကြောင်း ဒေသခံများက သုံးသပ်ပြောဆိုနေသည်။

**“သူတို့မှာ စစ်မှုထမ်းဖို့ လူအရေအတွက် မလုံလောက်ဘူးကြားတယ်။ ဒီရက်ပိုင်းမှာ အဖမ်းခံရပြီး ပျောက်ပျောက်သွားတဲ့သူတွေ များလာတယ်။ ရဲစခန်းကို သွားမေးရင်လည်း တပ်ဘက်ကို သွားမေးဖို့ပဲ ပြောတယ်။ မိဘတွေက ငိုငိုယိုယိုပဲ”** ဟု ကျိုက်ထိုမြို့ခံတစ်ဦးက ပြောသည်။

# ဒိုက်ဦးအကျဉ်းထောင်သို့ ပြောင်းရွှေ့ခံရသည့် နိုင်ငံရေးအကျဉ်းသူများ ရိုက်နှက်ခံရ




ဇွန် ၂၁၊ ၂၀၂၄

၂၀၂၄ ဇွန်လ (၁၅) ရက်နေ့တွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျိုက်မရောဇဟိုအကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသားများကို စစ်ကောင်စီက ပဲခူးတိုင်းရှိ ဒိုက်ဦးအကျဉ်းထောင်သို့ ပြောင်းရွှေ့ခဲ့သည်။ ထိုသို့ပြောင်းရွှေ့ပြီးနောက်ပိုင်း အကျဉ်းသားများသည် ရိုက်နှက်ညှဉ်းပန်းခံထားရပြီး မိသားစုဝင်များနှင့် အဆက်အသွယ်ဖြတ်တောက်နေကြောင်း သိရသည်။

နိုင်ငံရေးအကျဉ်းသူ အယောက် (၈၀) ကျော်ကို တရားမဝင်ဆေး၊ မူးယစ်ဆေးဝါးနှင့် လက်ကိုင်ဖုန်းများ ယူဆောင်လာသည်ဟု စစ်ကောင်စီက စွပ်စွဲပြီး ထောင်အာဏာပိုင်များက ရာဘာတုတ်၊ သစ်သားတုတ်တို့ဖြင့် ရိုက်နှက်ခဲ့သည့်အပြင် လေးခွဖြင့်ပါ ပစ်ခတ်ခဲ့သည်။ ရိုက်နှက်မှုကြောင့် အကျဉ်းသူ (၅) ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး အယောက် (၃၀) ကျော်မှာ တိုက်ပိတ်ခံထားရသည်။

**"အရင်တုန်းက အကျဉ်းသားတွေကိုပဲ အဲလိုမျိုးရိုက်တာ။ အခုတော့ နိုင်ကျဉ်းသူတွေကိုပါ ရိုက်နှက်လာတယ်။ အခန်းတစ်ခန်းထဲမှာ စုခိုင်းထားပြီး တုတ်မျိုးစုံ(နဲ့ ရိုက်တယ်)။ အပြင်ကနေ လေးခွနဲ့ ပစ်တယ်။ ဆိုးဆိုးဝါးဝါးဒဏ်ရာရသူ (၅) ယောက်ထက်မနည်း ရှိတယ်။ တိုက်ပိတ်ခံထားရတဲ့သူတွေလည်း ရှိတယ်"** ဟု သတင်းရင်းမြစ်တစ်ဦးက ပြောသည်။

ထောင်ပြောင်းရွှေ့မည်ကို မိသားစုဝင်များကို အကြောင်းမကြားသည့်အပြင် ထောင်ပြောင်းပြီးနောက်ပိုင်းလည်း မိသားစုဝင်များနှင့် အဆက်အသွယ်ဖြတ်တောက်ထားသည်။

**"ထောင်ပြောင်းရင် မိသားစုဝင်တွေကို ပြောရမယ်။ အခုက ပြောင်းသွားတာတောင် မိသားစုဝင်တွေကို အဆက်အသွယ် မလုပ်ဘူး။ လူ့အခွင့်အရေးကို အပြင်းထန်ဆုံး ချိုးဖောက်နေတာပဲ"** ဟု နိုင်ငံရေးအကျဉ်းသူများနှင့် ဆက်စပ်သူတစ်ဦးက ပြောသည်။

အာဏာသိမ်းပြီးနောက်ပိုင်း အကျဉ်းထောင်များတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆိုးဆိုးရွားရွားကျူးလွန်နေပြီး လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများလည်း ဖြစ်ပွားနေသည်။

နိုင်ငံတဝန်းလုံးရှိ အကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသူ (၅,၀၀၀) ကျော် ရှိနေကြောင်း သိရသည်။

# ရေဖြူမြို့နယ်တွင် လက်နက်ကြီးကြောင့် မိသားစုဝင် (၄) ဦး သေဆုံး



**မေ ၈၊ ၂၀၂၄**

၂၀၂၄ ဇွန်လ (၇) ရက်နေ့တွင် စစ်ကောင်စီတပ်က တနင်္သာရီတိုင်း ရေဖြူမြို့နယ် ရာဖူးကျေးရွာအုပ်စု ရာဖူးရွာသစ်ကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ (၈) လသားအရွယ် ကလေးငယ် (၁) ဦးအပါအဝင် မိသားစုဝင် (၄) ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ကလိန်အောင်မြို့အနီးရှိ ရာဖူးရွာသစ်တွင် နှစ်ဖက်တိုက်ပွဲဖြစ်ပွားခဲ့ရာ မောရဝတီရေတပ်စခန်းဌာနချုပ်၏ စစ်သင်္ဘောက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ လက်နက်ကြီးကျည်များသည် လူနေအိမ်များပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သည်။

**"အဖေနဲ့အမေဖြစ်သူတွေက အိမ်မှာပဲ ပွဲချင်းပြီးသေသွားတယ်။ ကလေး (၂) ယောက်ကတော့ ဆေးရုံပို့ရင်း လမ်းခုလတ်မှာ ဆုံးသွားတာ။ အိမ်လည်း ပျက်စီးသွားတယ်။ ဘေးနားအိမ်က ကလေး (၂) ယောက်လည်း ဒဏ်ရာအပြင်းအထန်ရသွားတယ်"** ဟု ရာဖူးကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

လက်နက်ကြီးကြောင့် သာယာမွန်ကျေးရွာမှ ဥယျာဉ်ခြံအလုပ်သမား (၂) ဦးနှင့် မိကျောင်းလှောင်ရွာမှ သက်ကြီးပိုင်း အမျိုးသမီးတစ်ဦးလည်း ကျည်စထိမှန် ဒဏ်ရာရခဲ့သည်။

**"ရွာလုံးကျွတ်ပဲ ထွက်ပြေးနေရတယ်။ အများစုက ကျွဲသလင်းဘုန်းကြီးကျောင်း၊ ကဒင်းစတဲ့ ဘေးလွတ်ရာဘက်ကို တိမ်းရှောင်နေရတယ်"** ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

ဇွန်လ (၈) ရက်နေ့တွင် စစ်ကောင်စီတပ်သား (၂၀၀) ကျော်သည် မိုင် (၆၀) ကျေးရွာနှင့် သာယာမွန်ကျေးရွာကို စစ်ကြောင်းထိုးဝင်ရောက်လာပြီး စစ်ဘေးရှောင်များ၏နေအိမ်ကို ဖောက်ထွင်းလုယက်ခဲ့သည်။

**"မိုင်(၆၀) က အိမ် (၄) လုံး၊ သာယာမွန်က အိမ် (၁) လုံး (အဖောက်ခံရတယ်)။ လက်ရှိ ကျွန်တော်တို့သိသလောက်တော့ စစ်တပ်က ရွာထဲမှာ ရှိနေတုန်းပဲ"** ဟု သာယာမွန်ကျေးရွာမှ စစ်ဘေးရှောင်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့်မေလတွင်လည်း စစ်ကောင်စီ၏ လက်နက်ကြီးကြောင့် ရေဖြူမြို့နယ် ဇာဒီကျေးရွာမှ ကလေးငယ် (၂) ဦး သေဆုံးခဲ့သည်။


# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် ဖမ်းဆီးမှု အရေအတွက်

### ဇန်နဝါရီလ မှ ဇွန်လအထိ ၂၀၂၄

မွန်ပြည်နယ် - ၂ ဦး


ကရင်ပြည်နယ် - ၁ ဦး

တနင်္သာရီတိုင်းဒေသ-၃ ဦး




## မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ (6) လအတွင်း ဖမ်းဆီးမှု အရေအတွက်

မတရားချုပ်နှောင်မှု နှင့် ဖမ်းဆီးမှု - (၇၅၂) ဦး



# ကျိုက်မရောတွင် စစ်ဘေးရှောင်နေရသဖြင့် လယ်ယာလုပ်ငန်းများ မစတင်နိုင်သေး



ဇွန် ၄၊ ၂၀၂၄

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဓမ္မသတ်၊ တရနာ၊ ကော့စွယ်၊ သံကလောင်နှင့် ကျွန်းရွာကျေးရွာများရှိ ဒေသခံပြည်သူများသည် စစ်ဘေးရှောင်နေရသဖြင့် မိုးဦးကျလာသော်လည်း လယ်ယာလုပ်ငန်းများကို စတင်လုပ်ကိုင်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။

**“မနှစ်ကဆို မေလကတည်းက စပါးစိုက်ဖို့ ပြင်နေကြပြီ။ ဒီနှစ်က စစ်ဘေးရှောင်နေရတော့ ဇွန်လရောက်လာတောင် ဘာမှ မလုပ်ရသေးဘူး။ အိမ်ပြန်လာတဲ့သူတွေကလည်း အိမ်မှာပဲ နေရတယ်၊ ဘယ်မှ မသွားရဲဘူး။ စစ်တပ်က ရွာပတ်ပတ်လည် တပ်စွဲထားတယ်”** ဟု တရနာကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

တိုက်ပွဲဖြစ်ပွားခဲ့သည့် ကျေးရွာများတွင် မပေါက်ကွဲသေးသည့် လက်နက်ကြီးကျည်များ ကျန်ရှိနေပြီး စစ်ကောင်စီတပ်က ညနေ (၆) နာရီမှစ၍ အပြင်မထွက်ရအမိန့်ကိုလည်း ထုတ်ပြန်ထားကြောင်း ဒေသခံများက ပြောသည်။

**“ကုန်ဈေးနှုန်းကလည်း တက်နေတော့ (ဒီနှစ်လယ်မလုပ်နိုင်ရင်) နောက်နှစ်ဆို အခက်အခဲအများကြီး ကြုံရမှာပဲ။ စစ်တပ်က လက်နက်ကြီးနဲ့ ပစ်နေတော့ အိမ်ကို ခေတ္တပြန်လာတဲ့လူလည်း မနေရဲဘူး။ စစ်ရှောင်တဲ့နေရာကို ပြန်သွားရတာပဲ”** ဟု စစ်ဘေးရှောင်တစ်ဦးက ပြောသည်။

စစ်ကောင်စီနှင့် ကျိုက်မရောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စစ်ဘေးရှောင်ပြည်သူများကို နေရပ်ပြန်လာရန် ဖိတ်ခေါ်နေသော်လည်း စစ်တပ်ကကျေးရွာများတွင် ဝင်ရောက်တပ်စွဲထားခြင်းနှင့် မြေပြင်တွင် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းတို့ကြောင့် ဒေသခံအများစုမှာ နေရပ်ပြန်လာခြင်း မရှိချေ။

# ရေဖြူတွင် စစ်တပ်က နေအိမ် (၄၀) ကျော်ကို မီးရှို့ဖျက်ဆီးပြီး အရပ်သား (၂၀) ကျော်ကို ဖမ်းဆီး




**ဇွန် ၂၄၊ ၂၀၂၄**

၂၀၂၄ ဇွန်လ (၁၉) ရက်နေ့တွင် မွန်ပြည်သစ်ပါတီ ထိန်းချုပ်နယ်မြေဖြစ်သည့် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ရာဖူး ကျေးရွာအုပ်စုတွင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေးအင်အားစု တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။

ဇွန်လ (၂၀) ရက်နေ့တွင် စစ်ကောင်စီက လက်နက်ကြီး လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်း၊ လေကြောင်းတိုက်ခိုက်ခြင်း များ ပြုလုပ်ခဲ့သည့်အပြင် လူနေအိမ်အလုံး (၄၀) ကျော်ကိုလည်း မီးရှို့ဖျက်ဆီးခဲ့သည်။

"လေကြောင်းတိုက်ခိုက်တော့ အိမ် (၂) လုံးပဲ ပျက်စီးသွား တာ။ တိုက်ပွဲပြီးတော့ နေအိမ်တွေကို မီးလိုက်ရှို့တယ်။ ထွက်ပြေး တဲ့အချိန် စစ်ကြောင်းနဲ့တိုးလို့ အရပ်သားအယောက် (၂၀) ကို လည်း ဖမ်းခေါ်သွားတယ်။ အခုတော့ ဘုန်းကြီးကျောင်းတစ်ခုမှာ ထား,ထားတယ်" ဟု မျောက်ချောဒေသခံတစ်ဦးက ပြောသည်။

ထွက်ပြေးပါက ပစ်သတ်မည်ဟု ဖမ်းဆီးခံရွာသားများကို စစ်တပ်က ခြိမ်းခြောက်ထားကြောင်း သိရသည်။

ရေဖြူမြို့နယ်ရှိ မျောက်ချော၊ နဂါးအိုင်၊ မိပ်ဇိပ်၊ ရုံးပိုင်၊ ကျောင်းဒုံး၊ မရော့ချိုင်း၊ လှည်းဆိပ်၊ ပနန်းပုံနှင့် သာယာဝတီ(သဲ ချောင်း)စသည့် ကျေးရွာ (၉) ရွာသည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ များကို ထောက်ပံ့နေသည်ဟု စစ်ကောင်စီက စွပ်စွဲပြီး တစ်ရွာနှင့် တစ်ရွာ ကူးသန်းသွားလာခွင့်ကို ပိတ်ပင်ထားသည်။

"သွားလာခွင့်ပိတ်ထားတာ (၅) ရက်လောက် ရှိနေပြီ။ ဆန်နဲ့ စားနပ်ရိက္ခာ အခက်,အခက်အခဲဖြစ်နေတယ်" ဟု ဒေသခံ တစ်ဦးက ပြောသည်။

ဇွန်လ (၂၂) ရက်နေ့တွင်လည်း နဂါးအိုင်ရွာရှိ နေအိမ်များ ကို စစ်ကောင်စီတပ်က မီးရှို့ဖျက်စီးခဲ့သည်။

"စစ်သား (၁၀၀) လောက်က ရွာထဲမှာ တပ်စွဲထားပြီး လူ တွေကို ရွာထဲကနေ ပေးမထွက်ဘူး" ဟု မျောက်ချောဒေသခံတစ် ဦးက ပြောသည်။

ထားဝယ်ခရိုင်မွန်ပြည်သစ်ပါတီလက်အောက်ရှိ အဆိုပါ ကျေးရွာ (၉) ရွာတွင် လူဦးရေ (၃,၀၀၀) နီးပါး နေထိုင်လျက်ရှိပြီး တစ်ဝက်ခန့်ဖြစ်သည့် လူဦးရေ (၁,၅၀၀) ကျော်သည် စစ်မျက်နှာ ပြင်တွင် နေထိုင်နေရကြောင်း သိရသည်။

# ကျိုက်ထိုတွင် လူငယ် (၄) ဦး ပစ်ခတ်ခံရပြီး (၁) ဦး သေဆုံး



**မေ ၃၁၊ ၂၀၂၄**

၂၀၂၄ မေလ (၂၈) ရက်နေ့တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့ ကော့စနိုင်ရပ်ကွက်မှ ဒေသခံလူငယ် (၄) ဦးကို စစ်ကောင်စီက သေနတ်ဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ (၁) ဦး သေဆုံးသွားကြောင်း မြို့ခံများက ပြောသည်။

စစ်ကောင်စီတပ်သားများက ကင်းလှည့်လည်နေစဉ် ညပိုင်းအချိန်အရက်သောက်နေသည့် လူငယ် (၄) ဦးကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ပစ်ခတ်မှုကြောင့် အသက် (၂၉) နှစ်အရွယ် ကိုစိုးမိုးဦးသည် လည်ပင်းတွင် ကျည်ထိမှန်ပြီး သေဆုံးခဲ့သည်။

**"အဲကောင်လေးတွေက လမ်းဘေးမှာ အရက်ထိုင်သောက်နေကြတာ။ လှည့်ကင်းကားလာတာကို ကြောက်ကြောက်နဲ့ထပြေးလို့ အပစ်ခံလိုက်ရတာ။ သေနတ်မှန်တဲ့တစ်ယောက်တော့ ကျိုက်ထိုဆေးရုံအရောက်မှာပဲ ဆုံးသွားတယ်"** ဟု လူမှုကယ်ဆယ်ရေးအဖွဲ့တစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကိုစိုးမိုးဦး၏ရုပ်အလောင်းကို မေ (၂၉) ရက်နေ့တွင် လာရောက်ထုတ်ယူရန် စစ်ကောင်စီက မိသားစုဝင်များကို အကြောင်းကြားခဲ့သည်။ ၎င်း၏နာရေးကို မေလ (၃၀) ရက်နေ့တွင် ပြုလုပ်ခဲ့သည်။

**"အဲဒီကောင်လေးက ပန်းရံလုပ်တာ။ သူမှာ့ အမေမရှိတော့ဘူး၊ အစ်မနဲ့ နေ,နေတာ။ ရပ်ကွက်မှာ ဘာသတင်းဆိုးမှ မရှိဘူး၊ တော်တော်အေးတဲ့ ကလေးတွေပါ"** ဟု ကော့စနိုင်ရပ်ကွက်မှ ပြည်သူတစ်ဦးက ပြောသည်။

အခြားလူငယ် (၃) ဦးကို စစ်ကောင်စီတပ်က ကျိုက်ထိုမြို့မရဲစခန်းသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး မေလ (၂၉) ရက်နေ့တွင် ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးသင်း (AAPP) ၏ ထုတ်ပြန်ချက်အရ ၂၀၂၄ မေလ (၃၀) ရက်နေ့အထိ စစ်ကောင်စီတပ်ဖွဲ့ဝင်များက အရပ်သားပြည်သူ (၅,၁၆၁) ဦးကို ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

# မွန်ပြည်နယ်တွင် အစားထိုးစစ်မှုထမ်းသူတစ်ဦးလျှင် ကျပ်သိန်း (၆၀) အထိ ပေါက်စျေးရှိနေ



**ဇွန် ၁၅၊ ၂၀၂၄**

မွန်ပြည်နယ်တွင် ရပ်ကွက်နှင့် ကျေးရွာပေါင်း (၁,၁၀၀) ကျော် ရှိပြီး တစ်ရွာ သို့မဟုတ် တစ်ရပ်ကွက်လျှင် စစ်မှုထမ်းရန် အတွက် လူတစ်ယောက်နှုန်း ပေးအပ်ရန် သက်ဆိုက်ရာရပ်ကျေး အုပ်ချုပ်ရေးမှူးများကို စစ်ကောင်စီက ညွှန်ကြားထားသည်။

**“တစ်ရွာကို တစ်ယောက်နှုန်းပေးဖို့ ပြောထားတယ်။ အခုချိန်အထိ မပေးနိုင်တဲ့ရွာတွေ အများကြီးရှိသေးတယ်။ မပေးနိုင်တဲ့ရွာတွေဆိုရင် ပိုထောင်းတယ်။ မရရအောင်ရှာဖို့ ပြောထားတယ်”** ဟု ပေါင်မြို့နယ်မှ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးက ပြောသည်။

ညွှန်ကြားထားသည့်အတိုင်း မပေးအပ်နိုင်သဖြင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများသည် ဒေသခံပြည်သူများကို နည်းလမ်းမျိုးစုံဖြင့် ဖိအားပေးလာသဖြင့် အစားထိုးစစ်မှုထမ်းရန်အတွက် လူငှားခေါ်သည့်စျေးကွက်သည် ပိုမိုတွင်ကျယ်လာသည်။

**“တစ်ယောက်ကို သိန်း (၃၀) ကနေ သိန်း (၆၀) အထိ စျေးပေါက်တာ။ မော်လမြိုင်တို့ ဘာတို့ကလည်း ဒီလိုပဲ ဆင်းဝယ်နေကြတယ်။ လူရပြီဆိုတာနဲ့ စုဆောင်းရေးတပ်ကို ချက်ချင်းသွားပို့ကြတာ”** ဟု သံဖြူဇရပ်မြို့နယ်မှ အုပ်ချုပ်ရေးမှူးတစ်ဦးက ပြောသည်။

စစ်မှုထမ်းရန်အတွက် လူစားထိုးငှားရမ်းသူများသည် ရွှေ့ပြောင်းအလုပ်သမားနှင့် ဆင်းရဲချို့တဲ့သူများကို အဓိက ပစ်မှတ်ထားလာကြောင်း သိရသည်။


**“ရေးနဲ့ သံဖြူဇရပ်က ကျားဖောင်ကလူတွေကို လာဝယ်တာ ပိုများတယ်။ ဆင်းရဲတဲ့သူတွေကို စည်းရုံးတာမျိုးလည်း ရှိတာပေါ့။ အများစုက ရွှေ့ပြောင်းလုပ်သားတွေချည်းပဲ”** ဟု အုပ်ချုပ်ရေးမှူးတစ်ဦးက ပြောသည်။

မွန်ပြည်နယ်တွင် အပတ်စဉ် (၁) နှင့် (၂) စစ်သင်တန်းများကို သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာရှိ အမှတ် (၄) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်ထားပြီး ယခုအချိန်တွင် အပတ်စဉ် (၃) အတွက် လူသစ်စုဆောင်းမှုများ လုပ်ဆောင်လျက်ရှိသည်။

အုပ်ချုပ်ရေးမှူးများ၏ ပြောကြားချက်အရ စစ်မှုထမ်းရန်အတွက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၏ ဇာတိဖြစ်သည့် ချောင်းဆုံမြို့နယ်က လူဦးရေအများဆုံး ပေးပို့ထားကြောင်း သိရသည်။

# မွန်ပြည်နယ်,ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်

## Mon State Cases _ June 2024




### Kyike Hto Township

1. Arrested
2. Artillery attack and injured
3. Arrested social worker
4. artillery explosion
5. Artillery Attack (2) Time
6. Anti- Terrorist act

### Mawlamyine Township

1. Extorted money (2) Time

### Mudon Township

**1. Accommodation hardships**

### Thanbyuzayat Township

**1. Military Training**

### Bilin Township

1. Shot and Injured
2. Arrested

### Paung Township

**1. Military service cost**

### Kyikemayaw Township

1. Forced relocation
2. unable to go to school
3. Beaten

### Ye Township

1. Shot and killed
2. Education issus
3. Arrested
4. Artillery attack and injured
5. extort money
6. extort money
7. arrest and extort
8. Artillery Attack

## Karen State


1. Education issus
2. Extorted money

Karen State Cases _ June 2024



## မွန်ပြည်နယ်,ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်

Tanintharyi Division Case - June 2024




**Tha Yet Chaung Township**

1. Arrested residents

**Pu law Township**

1. Artillery Attack

**Yebyu Township (7) Cases**

1. Artillery attack and killed
2. Seized house and extort money
3. Burn Down house
4. Artillery Attack
5. Not released yet
6. Fled home and IDP
7. Destroy house and Fled

**Dawei Township (6) Cases**


1. Loot houses and arrested
2. Killed and injured
3. Remove landowners
4. Fled home and IDP
5. Killed and arrested
6. Avoid conscription


**Tenasserim Township**

1. Air assault and damages house

# ၂၀၂၄ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ(6) လအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း


## စစ်ဘေးဒုက္ခသည် ၊ သတ်ဖြတ်မှု နှင့် ဒဏ်ရာအနာတရ ရရှိသူ အရေအတွက်





**စစ်ဘေးဒုက္ခသည်= (၆၀၄၀၀) ဦး ၊ ဒဏ်ရာအနာတရ = (၁၁၃) ဦး ၊ သတ်ဖြတ်မှု = (၄၉) ဦး**


---





**စစ်ဘေးဒုက္ခသည်= (၈၃၈၅၀) ဦး ၊ ဒဏ်ရာအနာတရ = (၁၂၄) ဦး ၊ သတ်ဖြတ်မှု = (၄၈) ဦး**

---




**စစ်ဘေးဒုက္ခသည်= (၈၀၈၅၀) ဦး ၊ ဒဏ်ရာအနာတရ = (၁၂၁) ဦး ၊ သတ်ဖြတ်မှု = (၅၆) ဦး**

# တတိယအကြိမ်စစ်သင်တန်းအတွက် လူငယ် (၁၆၀) ကျော်ကို စစ်သင်တန်းကျောင်းပို့ဆောင်



ဇွန် ၂၅၊ ၂၀၂၄

၂၀၂၄ ဇွန်လ (၂၃) ရက်နေ့တွင် တတိယအကြိမ် စစ်မှုထမ်းရန်အတွက် မွန်ပြည်နယ်မှ ဒေသခံလူငယ် (၁၆၅) ယောက်ကို သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာရှိ အမှတ် (၄) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းသို့ ပို့ဆောင်လိုက်ပြီ ဖြစ်ကြောင်း သိရသည်။

"အခုတတိယအကြိမ်မှာတော့ အသက် (၂၈) နှင့် (၃၅) နှစ်ကြားအရွယ်တွေ အများဆုံးပဲ။ ဇွန်လ (၂၅) ရက်နေ့မှာ စစ်သင်တန်းစပေးမယ်" ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

အပတ်စဉ် (၁) အတွက် လူငယ်အယောက် (၂၀၀) နှင့် အမှတ်စဉ် (၂) အတွက် လူငယ်အယောက် (၅၀) တို့ကို စစ်သင်တန်းပေးပြီး ဖြစ်သော်လည်း ၎င်းတို့သည် မိသားစုဝင်များနှင့် အဆက်အသွယ် ပြတ်တောက်လျက်ရှိသည်။

**"စစ်သင်တန်း (၂) ခုစလုံးက လူတွေ တစ်ယောက်မှ နေအိမ်နဲ့ အဆက်အသွယ် မရဘူး။ ဘယ်နေရာမှာ တာဝန်ကျနေ တယ်ဆိုတာ မိသားစုဝင်တွေက မသိရဘူး"** ဟု သတင်းရင်းမြစ် တစ်ခုက ပြောသည်။

သင်တန်းသားစုဆောင်းရန်အတွက် စစ်ကောင်စီက မွန်နှင့် တနင်္သာရီဒေသကို ပိုမိုပစ်မှတ်ထားလာနေပြီး တက္ကသိုလ် ကျောင်းသားများကိုပါ စစ်မှုထမ်းရန်အတွက် စုဆောင်းနေသည်။

ပြီးခဲ့သည့်ဇွန်လ (၁၅) ရက်နေ့တွင်လည်း ရေဖြူမြို့နယ် ကံပေါက်ကျေးရွာအုပ်စု သက်န်းတောကျေးရွာမှ အသက် (၁၈) နှစ်နှင့် (၃၅) နှစ်အကြား အမျိုးသား (၄၀) ကျော်ကို စစ်မှုထမ်းရန် အတွက် စစ်ကောင်စီခန့်အုပ်ချုပ်ရေးမှူးက စာရင်းကောက်ထား ပြီးဖြစ်ကြောင်း သိရသည်။

**"စာရင်းမှာပါတဲ့သူတွေအားလုံးကို (၂) ပတ်အတွင်း လာ ခေါ်မယ်လို့ ပြောထားတယ်။ ပါသွားတဲ့သူအများစုက ထိုင်းကို ထွက်သွားပြီ။ အိမ်မှာကျန်နေတဲ့မိသားစုဝင်တွေကို ပြဿနာရှာ မှာပဲ စိုးရိမ်တယ်"** ဟု သက်န်းတောဒေသခံတစ်ဦးက ပြောသည်။

# ရေးမြို့နယ်တွင် ရာဘာခြံလုပ်သား (၂) ဦး ပစ်ခတ်ခံရပြီး သေဆုံး




**ဇွန် ၄၊ ၂၀၂၄**

၂၀၂၄ ဇွန်လ (၁) ရက်နေ့တွင် မွန်ပြည်နယ်ရေးမြို့နယ် ကျုံလောင်းကျေးရွာဟောင်း၌ အမျိုးသား (၂) ဦးသည် ၎င်းတို့၏ရာဘာခြံတွင် သေနတ်ဖြင့်ပစ်ခတ်ခံရပြီး သေဆုံးသွားကြောင်း သိရသည်။

ဦးဖိုးကုလားသည် အခင်းဖြစ်ရာတွင်ပင် သေဆုံးခဲ့ပြီး ၎င်း၏မိတ်ဆွေအမျိုးသားသည် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။ ၎င်းကို ရေးမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း ဇွန်လ (၃) ရက်နေ့တွင် သေဆုံးသွားခဲ့သည်။

အဆိုပါအမျိုးသား (၂) ဦး ကို မည်သည့်လက်နက်ကိုင်အဖွဲ့က ပစ်ခတ်သတ်ဖြတ်ခဲ့သည်ကိုမူ ယနေ့အချိန်အထိ မသိရှိရချေ။

**“ပစ်ခတ်မှုဖြစ်တာတော့ သိတယ်။ ဒါပေမဲ့ သေနတ်သမားက ဘယ်အဖွဲ့ကလည်းဆိုတာ မသိဘူး”** ဟု ဒေသခံတစ်ဦးက ပြောသည်။

ရေးမြို့နယ်တွင် စစ်ကောင်စီထောက်တိုင်ဝန်ထမ်းများ၊ သတင်းပေးများနှင့် သူလျှိုဒလန်လုပ်ပေးသူများကို ဒေသတွင်းကာကွယ်ရေးတပ်ဖွဲ့များက မကြာခဏ ပစ်ခတ်ရှင်းလင်းလေ့ရှိသော်လည်း ယခုပစ်ခတ်မှုနှင့်ပတ်သက်၍မူ ၎င်းတို့က တစ်စုံတရာ ထုတ်ပြန်ပြောဆိုလာခြင်း မရှိချေ။

“

“ပစ်ခတ်မှုဖြစ်တာတော့ သိတယ်။ ဒါပေမဲ့ သေနတ်သမားက ဘယ်အဖွဲ့ကလည်းဆိုတာ မသိဘူး”



# နာရေးအိမ်ပစ်ခတ်မှုတွင် ကလေးငယ် (၁) ဦးနှင့် အရပ်သား (၁) ဦး ဒဏ်ရာရ

**ဇွန် ၁၁၊ ၂၀၂၄**

၂၀၂၄ ဇွန်လ (၉) ရက်နေ့တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပေါက်တောကျေးရွာအုပ်စု ပေါက်ကွဲကျေးရွာရှိ ရဲတပ်ကြီးတစ်ဦး၏နာရေးအခမ်းအနားကို အမည်မသိသေနတ်သမား (၂) ဦးက ဝင်ရောက်ပစ်ခတ်ခဲ့ရာ ရဲသတင်းပေး (၂) ဦး သေဆုံးခဲ့ပြီး အရပ်သား (၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အသက် (၁၃) နှစ်အရွယ် မောင်ရဲထွဋ်နောင်နှင့် အသက် (၃၀) အရွယ် မဇင်မာတို့သည် ခြေသလုံးတွင် ကျည်ဖောက်ဝင်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**"သူတို့က နာရေးအိမ်မှာ ရဲသတင်းပေး (၂) ယောက် ရှိတယ်ဆိုပြီး ဝင်ပစ်တာ။ အဲမှာ အားလုံးက ကြောက်လန့်ပြီး ထပြေးကြတော့ မဆိုင်တဲ့သူတွေပါ ထိသွားတာ"** ဟု ပေါက်ကွဲကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ထိခိုက်ဒဏ်ရာရသူ (၂) ဦးကို ဘီးလင်းဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

ပစ်ခတ်မှုနှင့်ပတ်သက်ပြီး ဒေသအခြေစိုက်တော်လှန်ရေးအင်အားစုများကို ဆက်သွယ်မေးမြန်းထားသော်လည်း တစ်စုံတရာဖြေကြားခြင်း မရှိချေ။



မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်။

## မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်း

မွန်ပြည့်လူ့အခွင့်အရေး ဖောင်ဒေးရှင်းကို ၁၉၈၈ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွသော လှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ပေါက်ရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့် ထားရှိကာ ထူထောင်ခဲ့ခြင်း ဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ ဝန်ထမ်းများဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံ တောင်ပိုင်း ဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသားလူ့အခွင့်အရေး အဖွဲ့တစ်ဖွဲ့ အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ ထုတ်ဝေခြင်းဖြင့် တွန်းအားပေးလျက်ရှိသည်။ မွန်လုထုအသံ ဟူသော စာစောင်ကို ပုံမှန်ထုတ်ဝေလျက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျက်ရှိသည်။

ပန်းတိုင် နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းများ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့ သိရှိနိုင်စေရန်။

(၂) လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပြည်သူလူထုကို ပညာပေးလှုံ့ ဆော်ရန်။

(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သော လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

စာဖတ်သူများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း ချစ်ခင်လေးစားရပါသော စာဖတ်သူများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျက်ရှိသည်။ သတင်းအချက်အလက်နှင့်ပတ်သက်၍ အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက ဤအချက်အလက်များ တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ်စစ်ဆေးနေရခြင်းကြောင့် ဖြစ်ပါသဖြင့် စာဖတ်သူများမှ နားလည်ပေး စေလိုပါကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ အနူးအညွတ် တောင်းပန်အပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာ ပေးပို့လို၍ဖြစ်စေ ကျွန်ုပ်တို့၏ စာစောင်ကို ပေးပို့ စေလို၍ဖြစ်စေ အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။ စာစောင်ပေးပို့ စေလိုပါက ပေးပို့ စေလိုသော လူပုဂ္ဂိုလ်၏ နာမည်နှင့် လိပ်စာအပြည့်အစုံကို ပေးပို့စေလိုပါသည်။

ရှိသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Rehmonnya.org

Human Rights Foundation of Monland (Burma)
P. O. Box 2237
General Post Office
Bangkok 10501, THAILAND